# ဦးစားပေးမှု အခြေပြု အသုံးစရိတ်သတ်မှတ်ခြင်း/စစ်တမ်းနှင့်အတူ မဟာဗျူဟာ စီမံကိန်း နှင့်ဆိုင်ရာ ပုံနှိပ်ဖော်ပြထားသည့် အစီရင်ခံစာ

2012 ခုနှစ်တွင် ကျွန်ုပ်တို့သည် နောင်လာမည့် ငါးနှစ်မှ ဆယ်နှစ်အတွက် City of Tukwila ၏ ဆောင်ရွက်ချက်များနှင့် ရင
ရင်းနီးမြှုပ်နှံမှုများကို လမ်းညွှန်ပေးမည့် မဟာဗျူဟာ စီမံကိန်းတစ်ခုကို ရေးဆွဲရန် ဒေသအဖွဲ့အစည်း ကို
ကိုယ်စားလှယ်များ၊ မြို့တော်၏ ဝ
ဝန်ထမ်းများ၊ မြို့တော်၏ ခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော န
နှစ်တစ်နှစ်ကို ဖြတ်သန်းခဲ့ပါသည်။ ယခု 2018 ခုနှစ်သည် ဤ
ဤစီမံကိန်းကို ရေးဆွဲခဲ့ပြီးနောက် ခြောက်နှစ်မြောက်နှစ်ဖြစ်ပါသည်။ အသုံးစရိတ်သတ်မှတ်သည့် နည
နည်းလမ်းသစ်တစ်ခုဖြစ်သော ဦးစားပေးမှု အခြေပြု အသုံးစရိတ်သတ်မှတ်ခြင်းကို အသုံးပြု၍ 2019-2020 ဘဏ္ဍာရေး အ
အသုံးစရိတ်အစီအစဉ်ကို စတင် လက်ခံကျင့်သုံးလာသည့်အားလျော်စွာ ကျွန်ုပ်တို့အနေဖြင့် မဟာဗျူဟာ စီ
စီမံကိန်းသည် လူထုအဖွဲ့အစည်း၏ ဦးစားပေးမှုများနှင့် တန်ဖိုးများကို ထင်ဟပ်နေဆဲဖြစ်သည်ကို သေချာ အတည်ပြုလိုပါသည်။

2012 ခုနှစ်တွင် Tukwila သည် "အခွင့်အလမ်း မြို့တော်၊ ရွေးချယ်ခံရသည့် မြို့တော် (The city of opportunity, the community of choice)" ဖြစ်လာရမည်ဟူသော မျှော်မှန်းချက်တစ်ခုကို မြို့တော်က သတ်မှတ်လုပ်ဆောင်ခဲ့ပါသည်။ မြို့တော်သည် မှ
မှျဝေထားသော ရည်မှန်းချက်တစ်ခုဖြစ်သည့်- "ကျွန်ုပ်တို့၏ မြို့သူမြို့သားများ၊ လု
လုပ်ငန်းများနှင့် ဧည့်သည်များအတွက် ဘေးကင်းလုံခြုံသော၊ နှစ်လိုဖွယ်ကောင်းသော၊ ကျ
ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်တစ်ခုကို ပံ့ပိုးပေးသည့် အဆင့်မြင့်ဝန်ဆောင်မှုများကို ပေးစွမ်းရန်" ကိုလည်း ကျ
ကျင့်သုံးခဲ့ပါသည်။

မြို့တော်သည် ရည်မှန်းချက်ပန်းတိုင်ငါးခုဖြစ်သော-

1. နှစ်လိုဖွယ်ကောင်းသော ဝန
   ဝန်းကျင်ဒေသများနှင့် တက်ကြွအားမာန်ပြည့်သော စီးပွားရေးလုပ်ငန်းများ တည်ရှိသည့် ဒေသတစ်ခုဖြစ်လာရန်။
2. Tukwila မြို့သူမြို့သားအားလုံးအတွက် ခိုင်မာတောင့်တင်းသော အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာရန်။
3. မတူကွဲပြား၍ ဒေသလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးတစ်ခု ဖြစ်ပေါ်လာရန်။
4. စွမ်းဆောင်ရည်မြင့်မား၍ ထိရောက်မှုရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်လာရန်။
5. အပြုသဘောဆောင်သော ဒေသအင်္ဂါရပ်နှင့် ပုံရိပ်တစ်ခု ဖြစ်ပေါ်လာရန် တို့ကို သတ်မှတ်ဖော်ဆောင်ခဲ့ပါသည်။

မဟာဗျူဟာစီမံကိန်းနှင့် ပတ်သက်၍ နောက်ထပ် လေ့လာလိုပါက မြို့တော်၏ ဝဘ်ဆိုက်တွင် ၎င်းနှင့် နေ
နောက်ထပ်အကြောင်းအရာများကို တွေ့နိုင်သည်။
http://www.tukwilawa.gov/2012StrategicPlan

သင် ဘယ်လိုထင်မြင်ပါသလဲ။ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မဟာ
မဟာဗျူဟာ ရည်မှန်းချက်ပန်းတိုင်များသည် ကွ
ကျွန်ုပ်တို့ဒေသ၏ ဦးစားပေးမှုများကို ထင်ဟပ်နေဆဲဖြစ်ပါသလား။ သင်၏ ထင်မြင်ချက်ကို ကျွန်ုပ်တို့ နားထောင်လိုပါသည်။

1. 2012 ခုနှစ်မှစတင်၍ ဘာတွေ ပြီးမြောက်အောင်မြင်ခဲ့ပါသလဲ။
2. ကျွန်ုပ်တို့၏ ဒေသအနေဖြင့် မည်သည့်ကဏ္ဍများတွင် လုပ်ဆောင်ရန် လိုအပ်နေသေးသလဲ။
3. မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ သင
   သင် ဘယ်အချက်ကို သဘောကျပါသလဲ။ ဘဏ္ဍာရေး အသုံးစရိတ်ကို ရေးဆွဲရာတွင် မြ
   မြို့တော်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် အရေးကြီးသော အချက်က မည်သည့်အရာဟု သင် ထင်ပါသလဲ။
4. မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ သင် ဘာကို ပြောင်းလဲချင်ပါသလဲ။ ဘာ
   ဘာတွေ လိုအပ်နေပါသလဲ။

ယခု သင့်တွင် အစီအစဉ်နှင့် ဤမေးခွန်းများနှင့် ပတ
ပတ်သက်၍ စဉ်းစားတွေးခေါ်နိုင်သည့် အခွင့်အလမ်းတစ်ခု ရရှိထားပြီးဖြစ်သောကြောင့် မေလ 3 ရက်နေ့ Thorndyke
မူလတန်းကျောင်းတွင် 6:00 နာရီမှ 8:30 နာရီအထိ ပြုလုပ်မည့် ဒေသဆိုင်ရာ အလ
အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် သင်၏ အိမ်နီးနားချင်းများနှင့်အတူ ပါဝင်လိုက်ပါ။ ကျွန်ုပ်တို့အနေဖြင့် အစ
အစားအစာနှင့် ကလေးစောင့်ရှောက်ရေး ဝန်ဆောင်မှုတို့ကို ပံ့ပိုးပေးမည်ဖြစ်ပြီး တေ
တောင်းဆိုပါက ဘာသာပြန်ပေးသည့် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။ မဟာဗျူဟာ စီမံကိန်းနှင့် ဘဏ္ဍာ
ဘဏ္ဍာရေး အသုံးစရိတ်နှင့် ပတ်သက်၍ သင်၏ အိမ်နီးနားချင်းများ ပြောဆိုဆွေးနွေးမည့် အရာများကို လာ
လာရောက်နားထောင်ပါ။ အကြံပြုချက်အားလုံးကို ကျွန်ုပ်တို့ အလေးပေးစဉ်းစားနိုင်အောင် ကူ
ကူညီပေးပြီး မြို့တော်ကောင်စီအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် နောက်ဆုံး အကြံပြုချက်တစ်ခုကို ရေးသားပေးပါ။

ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြီးဆုံးချိန်တွင် ကျွန်ုပ်တို့သည် အကြံပြုချက်အားလုံးကို စု
စုဆောင်းပြီး အကြံပြုထားသော ပြောင်းလဲမှုမှန်သမျှကို မြို့တော်ကောင်စီနှင့် ဒေသအဖွဲ့အစည်းသို့ တင်ပြပါမည်။
2019-2020 ဘဏ္ဍာရေး အသုံးစရိတ်ကို လမ်းညွှန်ပေးရန် ဤလုပ်ဆောင်ချက်မှ အကြံပြုချက်ကို ကျွန်ုပ်တို့ အသုံးပြုပါမည်။

ဖြည့်စွက်ထားသော စစ်တမ်းများကို ဖော်ပြပါ လိပ်စာသို့ ပေးပို့ပါ-

Mia Navarro
City of Tukwila
6200 Southcenter Blvd
Tukwila, WA 98188

Mia.navarro@tukwilawa.gov
(206) 406-6692

တောင်းဆိုပါက ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုကို ရနိုင်ပါသည်။

1. 2012 ခုနှစ်မှစတင်၍ ဘာတွေ ပြီးမြောက်အောင်မြင်ခဲ့ပါသလဲ။

2. ကျွန်ုပ်တို့၏ ဒေသအနေဖြင့် မည်သည့်ကဏ္ဍများတွင် လုပ်ဆောင်ရန် လိုအပ်နေသေးသလဲ။

3. မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ သင
သင် ဘယ်အချက်ကို သဘောကျပါသလဲ။ ဘဏ္ဍာရေး အသုံးစရိတ်ကို ရေးဆွဲရာတွင် မြ
မြို့တော်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် အရေးကြီးသော အချက်က မည်သည့်အရာဟု သင် ထင်ပါသလဲ။

4. မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ သင် ဘာကို ပြောင်းလဲချင်ပါသလဲ။ ဘာ
ဘာတွေ လိုအပ်နေပါသလဲ။